# ၁၅း သခင်ဘုရား၌ယုံကြည်ကိုးစားလော့

သခင်ဘုရားကို ကြောက်ရွံ့ရှိသေသော သူတို့၊ လမ်းလွဲ၍ မလဲကျစိမ့်ငှာ၊ ကိုယ်တော်၏ သနားခြင်း ကရုဏာတော်ကို မျှော်လင့်တောင့်တ ကြကုန်။

**သခင်ဘုရားကို ကြောက်ရွံ့သောသူတို့၊ ခွန်အား ရှိသ၍ သခင်ဘုရား၌ ယုံကြည်ကိုးစား ကြလော့။ ထူးမြတ်သော ဆုကျေးဇူးသည်၊ သင်နှင့်မလွဲရပေ။**

သခင်ဘုရားကို ကြောက်ရွံ့ ရှိသေသောသူတို့၊ မွန်မြတ်သော ဆုကျေးဇူးတော်၊ ထာဝရ ပျော်မွေ့ခြင်းခွင့် ကရုဏာတော်ကို မျှော်လင့်တောင့်တ ကြလော့။

**ရှေးကာလက၊ ယုံကြည်ကြသောအမျိုး အစဉ်အဆက်တို့ကို ကြည့်ရှုကြလော့။ ဘုရားသခင်ကို ကိုးစားအားထား သူတို့သည်၊ ရှက်ကြောက်ဖွယ်အမှုများ တွေ့ကြုံခဲ့ပါ၏လော။**

ကိုယ်တော်ကို ကြောက်ရွံ့ရှိသေ သူတို့အား စွန့်ပစ်ထားခဲ့ ဖူးသလော။ ဆည်းဖူးချဉ်းကပ် သူတို့အား စွန့်ပစ်ထားခဲ့ ဖူးသလော။

**အဘယ်သို့ဆိုသော်၊ သခင်ဘုရားသည်၊ သနားခြင်း  ကရုဏာနှင့် ကြွယ်ဝ၍၊ မေတ္တာတရားနှင့် ပြည့်ဝသောကြောင့်၊ အပြစ်များကို ဖြေလွှတ်ဖြေရှင်း သည်သာမက၊ ဘေးဥပဒ်၊ ဒုက္ခ တွေ့ကြုံသည့် အထဲမှ၊ ကယ်နှုတ်တော်မူ၏။**